**နောက်ဆုံးရဒေသတွင်းသတင်းတို**

ဩဂုတ်လ ၃၀ ရက်, ၂၀၂၄ ခုနှစ် /KHRG စာအမှတ်- 24-19-D1

# ဒူးပလာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို- ကရူတူးမြို့နယ်အတွင်း SAC ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကြောင့် အရပ်သားများ ထိခိုက်ဒဏ်ရာရသေဆုံးခြင်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုပျက်စီးခြင်းနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရခြင်း (၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုတွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၌ ဒူးပလာယာခရိုင်၊ ကရူတူး (ကျုံဒိုး) မြို့နယ်တွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်ကို ဖော်ပြထားပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်* ***ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)*** *နှင့်* ***ပြည်သူ့ကာကွယ်ရေးတပ် (PDF)*** *မှပူးပေါင်းတပ်ဖွဲ့တို့သည် ကရူတူးမြို့နယ်၊ တောင်ကြာအင်းကျေးရွာအုပ်စုရှိ တောင်ကြာအင်းတံတားဒေသတွင် အခြေစိုက်သည့်* ***နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)*** *တပ်ကို တိုက်ခိုက်ခဲ့ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးသည့်နောက် SAC မှ ကရူတူးမြို့နယ်၊ ရောကဲကျေးရွာအုပ်စု၊ အ--- ကျေးရွာသို့လက်နက်ကြီးများပစ်ခတ်ခဲ့ရာ အသက် (၁၁) နှစ်အရွယ်ရှိ ယောကျာ်းလေးတစ်ဦး သေဆုံးခဲ့ပြီး အသက် (၁၃) နှစ်အရွယ်ရှိမိန်ကလေးတစ်ဦးအပါအဝင် ရွာသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထိုနေ့နောက်ပိုင်း အဆိုပါ KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့တို့မှ တောင်ကြာအင်းကျေးရွာအုပ်စု၊ ဘ--- ကျေးရွာတွင် အခြေစိုက်သည့် SAC ရဲစခန်းကိုတိုက်ခိုက်ခဲ့ပါသည်။ SACသည် တိုက်ပွဲဆက်လက်ဖြစ်ပွားနေစဥ်တွင် ဘ--- ကျေးရွာ၌ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် နေအိမ် (၂၂) လုံးနှင့် စာသင်ကျောင်းနှစ်လုံးပျက်စီးသွားခဲ့ပါသည်။ ထိုနေ့ညနေပိုင်း (၉) နာရီခန့်အချိန်တွင် SAC ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၅၄၅) မှ ရောကဲကျေးရွာအုပ်စု၊ ဆ--- ကျေးရွာနှင့် အနီးအနားတဝိုက်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပါသည်။ အဆိုပါလက်နက်ကြီးများသည် ဘ--- ကျေးရွာရှိ မိသားစုများသွားရောက်ခိုလှုံသည့် ဘုန်းကြီးကျောင်းသို့ကျရောက်ခဲ့ပါသည်။ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ဘုန်းကြီးတစ်ပါးနှင့်ကျောင်းတကာတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ပါသည်။ ဤကဲ့သို့ဖြစ်ပွားပြီးသည့်နောက် နေရပ်ရွှေ့ပြောင်းနေထိုင်ရသည့် မိသားစုဝင်များသည် အခြားသောနေရာများသို့ ထပ်မံထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။*[1]

---

[1] ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးပလာခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

## SAC မှ အ--- ကျေးရွာတွင်းသို့လက်နက်ကြီးပစ်ခတ်သဖြင့် ကလေးများ ထိခိုက်ဒဏ်ရာရသေဆုံးခြင်း

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် **ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ပြည်သူ့ ကာကွယ်ရေးတပ် (PDF)** မှ ပူးပေါင်းတပ်ဖွဲ့တို့သည် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ တောင်ကြာအင်း ကျေးရွာအုပ်စုရှိတောင်ကြာအင်းတံတားဒေသတွင် အခြေစိုက်သည့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)** စစ်သားများကို တိုက်ခိုက်ခဲ့ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးသည့်နောက် SAC မှ ကရူတူးမြို့နယ်၊ ရောကဲကျေးရွာအုပ်စု၊ အ--- ကျေးရွာသို့ လက်နက်ကြီးများ ပစ်ခတ်ခဲ့ပါသည်။ ထိုနေ့ညနေပိုင်း (၉) နာရီအချိန်တွင် လက်နက်ကြီးတစ်လုံးသည် ရွာသားတစ်ဦး၏မီးဖိုချောင်သို့ ကျရောက်ခဲ့သဖြင့် အသက် (၁၁) နှစ် အရွယ် (၃) တန်းကျောင်းသားတစ်ဦးဖြစ်သူ စောဒ--- သေလုနီးပါးဒဏ်ရာရရှိခဲ့ပြီး အသက် (၁၃) နှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးဖြစ်သည့် နန်းဃ--- နှင့် အသက် (၁၉) နှစ်အရွယ်ရှိသည့်စောန--- တို့ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ပါသည်။ အဆိုပါလက်နက်ကြီးသည် ၎င်းတို့အိပ်နေစဉ်တွင် ကျရောက်ပေါက်ကွဲခဲ့ပါသည်။ လက်နက်ကြီးအပိုင်းအစထိမှန်သဖြင့် နန်းဃ--- သည်သူမ၏ ဘယ်ဖက်ခြေထောက်နှင့် ကျောဖက်တွင်ဒဏ်ရာရရှိခဲ့ပြီး စောန--- မှာမူ ၎င်း၏လက်တွင် ဒဏ်ရာရရှိခဲ့ပါသည်။ ပေါက်ကွဲသွားသည့် လက်နက်ကြီးအပိုင်းအစများကြောင့် စောဒ--- ၏ဘယ်ဖက်ခြေထောက် အစိတ်စိတ်အမွှာမွှာကွဲထွက်ခဲ့ပြီး ၎င်း၏အူများသည် ဝမ်းဗိုက်မှ ထွက်ကျလာခဲ့ကာ မျက်နှာတွင်လည်းပြင်းထန်စွာဒဏ်ရာရရှိသွားခဲ့ပါသည်။

ဤကဲ့သို့ဖြစ်ပွားပြီးသည့်နောက် လက်နက်ကြီးထိမှန်သူများ၏ မိသားစုဝင်တစ်ဦးဖြစ်သူ ဒေါ်ဂ--- မှ ထိခိုက်ဒဏ်ရာရသူများကို ဆေးခန်းသို့ပို့ဆောင်ရန်အတွက် ကားသမားတစ်ဦးအား အကူအညီတောင်းခဲ့ပါသည်။ အစပိုင်းတွင် ၎င်းတို့ဆေးဝါးကုသမှုခံယူရန်အတွက် ကရူတူးမြို့နယ်၊ ဝါ့ခါကျေးရွာအုပ်စုရှိ ဟ--- ဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ကြပါသည်။ စောဒ--- သည် ဟ--- ဆေးခန်းသို့ ရောက်ရှိပြီးနောက် (၃၀) မိနစ်ခန့်တွင် သေဆုံးသွားခဲ့ပါသည်။ ထို့နောက် အဆိုပါကားသမားမှ ၎င်း၏အလောင်းကို ကျေးရွာသို့ ပြန်သယ်ဆောင်သွားခဲ့ပါသည်။ နန်းဃ--- နှင့် စော န--- တို့သည် ပြင်းထန်စွာဒဏ်ရာရရှိသောကြောင့် ထိုဆေးခန်းတွင် ဆေးကုသရန်မတတ်နိုင်သဖြင့် ဖားအံဆေးရုံသို့ ၎င်းတို့အားဆက်လက်ပို့ဆောင်ရန်အတွက် ကားသမားသည် ၎င်း၏ကျေးရွာမှ ဟ--- ဆေးခန်းသို့ပြန်လာခဲ့ပါသည်။ ဒေါ်ဂ--- မှ KHRG အား *"တခြား [ရွာသား] ကလေးတစ်ယောက် ကျမကိုခေါ်ပြီး 'အဒေါ်၊ အဒေါ်' 'အဒေါ့်ရဲ့မြေးနဲ့တူလေးတွေ လက်နက်ကြီးထိသွားပြီး' လို့ပြောတယ်။ သူတို့ကို ဝါ့ခါကျေးရွာအုပ်စုမှာရှိတဲ့ ဟ--- ဆေးခန်းကိုပို့ပေးဖို့အတွက် ကျမကနေ ကားသမားကို အကူအညီတောင်းလိုက်တယ်။ ကျမတို့တွေ ဆေးခန်းကိုရောက်သွားတဲ့အချိန်မှာ ကျန်းမရေးသူနာပြုတစ်ယောက်က ကျမကိုပြောလိုက်တယ်။ 'ဒီကောင်လေး [စောဒ---] က ကုလို့မရတော့ဘူး။ သူက (၁၁) နှစ်ပဲရှိသေးပြီး ဘယ်ဖက်ခြေထောက်၊ ဗိုက်နဲ့ မျက်နှာမှာ ဒဏ်ရာရသွားတယ်။ သူ စကားလုံးဝမပြောနိုင်တော့ဘူး။' သူ့ကိုကျမဘာပဲမေးမေး ခေါင်းပဲညိတ်နေတယ်။ ညမနက်ခင်မှာပဲ သူဆုံးသွားတယ်။ ကျန်းမာရေးသူနာပြုတစ်ယောက်ကနေ ဒဏ်ရာပြင်းထန်စွာရရှိတဲ့လူနာတွေကိုလည်း ဒီမှာကုသလို့မရဘူးလို့ပြောပြီး ဘုရားသုံးဆူမြို့မှာရှိတဲ့ဆေးရုံကို ပို့သင့်တယ်လို့ပြောတယ်။ စောဒ--- က သူ့အဒေါ် ရွာမှာအဝတ်ပြန်သွားယူတဲ့အချိန်မှာပဲ ဟ--- ဆေးရုံမှာဆုံးသွားတယ်။ ကားသမားက သူ့ရဲ့အလောင်းကို ရွာပြန်သယ်သွားတယ်။ ပြီးတဲ့နောက်မှာ ကားသမားက နန်း ဃ--- နဲ့ စောန--- ကို ဟ--- ဆေးခန်းမှာသွားကြိုပြီး (ဒေါ်ဂ--- မှ ကောင်းမွန်တဲ့ပစ္စည်းကိရိယာရှိတယ်လို့ထင် တဲ့အတွက်) ဖားအံဆေးရုံကိုပို့ပေးခဲ့တယ်။"* ပြောပြခဲ့ပါသည်။

နန်းဃ--- သည် သူမ၏ခြေထောက်နှင့်ကျောဖက်တွင် ရရှိသွားသောဒဏ်ရာများအတွက် ခွဲစိတ်ကုသမှုခံယူရန်လိုအပ်ခဲ့ပြီး စောန-- အနေဖြင့် ခွဲစိတ်ကုသမှုခံယူရန်မလိုအပ်ခဲ့ပါ။ ၎င်းတို့မှ ဆေးရုံဆင်းသွားပြီးဖြစ်သော်လည်း ဖားအံဆေးရုံတွင် ဆေးဖက်ဆိုင်ရာချိန်းဆိုမှုအတွက် နောက်ထပ်ပြန်သွားရန်လိုအပ်နေပါသေးသည်။ ထိခိုက်ဒဏ်ရာရရှိသူများသည် ၎င်းတို့၏မိဘများဘန်ကောက်တွင် အလုပ်လုပ်ကြသဖြင့် [နန်းဃ--- နှင့် စော ဒ---] အဖွားဖြစ်ပြီး [စောန---] ၏အဒေါ်လည်းဖြစ်သည့် ဒေါ်ဂ--- နှင့်အတူနေထိုင်ကြပါသည်။ လွန်ခဲ့သည့်လများအတွင်း မိုးရွာသွန်းခြင်းနှင့်ရေးကြီးခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးသွားသူတို့၏ အဖွား [အဒေါ်] အနေဖြင့် အသက်မွေးဝမ်းကြောင်းအခက်အခဲဖြင့်ကြုံတွေ့နေရပါသည်။ [၎င်းတို့၏မိသားစုမှ ဆေးဝါးကုန်ကျမှုစရိတ် သို့မဟုတ် အသက်မွေးဝမ်းကြောင်းအတွက် အထောက်အပံ့အား အဖွဲ့အစည်းတစ်ဖွဲ့ဖွဲ့မှ ထောက်ပံ့မှုပေးခဲ့သည်၊ မပေးခဲ့သည်နှင့်ပတ်သက်၍မသိရှိရပါ။




ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဒူးပလာခရိုင်၊ ကရုတူးမြို့နယ်၊ ရောကဲကျေးရွာအုပ်စု၊ အ--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ SAC ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပျက်စီးသွားသည့် ဒေါ်ဂ--- ၏ နေအိမ် ပုံများဖြစ်ပါသည်။ အဆိုပါလက်နက်ကြီးပစ်ခတ်မှုကြောင့် အသက် (၁၁) နှစ်အရွယ် စောဒ--- သေဆုံးသွားခဲ့ပြီး အသက် (၁၃) နှစ်အရွယ်ရှိ နန်းဃ--- နှင့် အသက် (၁၉) နှစ်အရွယ်ရှိ စောန--- တို့ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ပါသည်။ *(ဓာတ်ပုံ- KHRG)*

## ပစ်ခတ်တိုက်ခိုက်မှုနှင့် SAC ၏လေကြောင်းတိုက်ခိုက်မှုများကြောင့် ဘ--- ကျေးရွာတွင်း ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ရခြင်း

ထိုနေ့တွင် အဆိုပါ KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့တို့မှ ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်၊ တောင်ကြာအင်းကျေးရွာအုပ်စု၊ ဘ--- ကျေးရွာရှိ SAC ရဲစခန်းကိုတိုက်ခိုက်ခဲ့ပါသည်။ အဆိုပါပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားနေ ချိန်အတောအတွင်း SAC မှ ကရူတူးမြို့နယ်၊ တောင်ကြာအင်းကျေးရွာအုပ်စု၊ ဘ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် နေအိမ် (၂၂) လုံးနှင့် စာသင်ကျောင်းအဆောက်အဦးတစ်လုံး မီးလောင်သွားခဲ့ပြီး အခြားအနီးအနားရှိ နှစ်ထပ်ကျောင်းတစ်လုံးပျက်စီးသွားခဲ့ပါသည်။

## SAC မှ ဆ--- ကျေးရွာသို့လက်နက်ကြီးပစ်ခဲ့ခြင်းကြောင့် ထိခိုက်ဒဏ်ရာရခြင်း

KNLA မှ ရဲစခန်းအားသိမ်းပိုက်ပြီးသည့်နောက် ည (၉) နာရီခန့်တွင် **စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ) အမှတ် (၁၂)** လက်အောက်ရှိ ကော်တရီမြို့အနီးတွင် အခြေစိုက်သော SAC **ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၅၄၅)** မှ ကရူတူးမြို့နယ်၊ ရောကဲကျေးရွာအုပ်စု၊ ဆ--- ကျေးရွာသို့ လက်နက်ကြီးပစ်ခတ်ခဲ့ပါသည် [ခန့်မှန်းခြေအားဖြင့် ဆိုက်ကယ်နှင့် နာရီဝက်ကြာအကွာအဝေးတွင် တည်ရှိပါသည်]။ ဆ--- ကျေးရွာနှင့်အနီးအနားတဝိုက်တွင် လက်နက်ကြီးစုစုပေါင်း (၁၀) လုံးကျရောက်သွားခဲ့ပါသည်။ ထိုသို့ပစ်ခတ်လိုက်သောလက်နက်ကြီးများသည် ကျေးရွာတွင်းသို့လေးလုံး၊ ဘုန်းကြီးကျောင်းအပြင်ဖက်သို့တစ်လုံးနှင့် ဘုန်းကြီးကျောင်းဝင်းထဲသို့ ငါးလုံးကျရောက်သွားခဲ့ပါသည်။ မယ်သီလရှင်ကျောင်းရှေ့သို့ ကျရောက်ပေါက်ကွဲသွားသော လက်နက်ကြီးတစ်လုံးကြောင့် မယ်သီလရှင်တို့၏ ဘော်ဒါဆောင်တစ်ဆောင်နှင့် မယ်သီလရှင်ကျောင်းပျက်စီးသွားပါသည်။ အစောပိုင်းတွင်ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘ--- ကျေးရွာမှ လူအယောက် (၆၀) ဝန်းကျင်ခန့် ဘုန်းကြီးကျောင်းတွင် လာရောက်ခိုလှုံမှုရှာဖွေခဲ့ကြပါသည်။ ထိုကဲ့သို့ ထွက်ပြေးတိမ်းရှောင်ကြသူများထဲတွင် အထူးအကူအညီလိုအပ်နေသောရွာသားများဖြစ်သည့် လေဖြတ်ထားသူများနှင့် ဆီချို၊သွေးချိုဝေဒနာရှင်များပါဝင်ပါသည်။ ထွက်ပြေးတိမ်းရှောက်လာကြသူများကို ဆ--- ကျေးရွာရှိ ဘုန်းကြီးများနှင့် ရွာသားများမှ အစားအစာနှင့်တစ်ကိုယ်ရေသန့်ရှင်းမှုပစ္စည်းများဖြင့် ထောက်ပံ့ပေးခဲ့ကြပါသည်။

ဦးဇ--- အမည်ရှိဘုန်းကြီးတစ်ပါးမှ *"ဦးဇင်းကြားတာကတော့ SAC တွေက ဦးဇင်းတို့ဘုန်းကြီးကျောင်းကို ပစ်မှတ်မထားဘူးလို့ ပြောတယ်။ ဒါပေမဲ့ သူတို့က ဦးဇင်းတို့ကိုပစ်မှတ်ထားတယ်လို့ ဦးဇင်းမြင်တယ်။ သူတို့ကထွက်ပြေးတိမ်းရှောင်တဲ့နေရာဖြစ်တဲ့ ဘုန်းကြီးကျောင်းထဲကို နှစ်လုံးပစ်ချတယ်။ ဒါကြောင့် ဦးဇင်းအနေနဲ့ သူတို့ရဲ့ရည်ရွယ်ချက်ကို သံသယဝင်မိတယ်။ သူတို့က ဘုန်းကြီးကျောင်းကို စုစုပေါင်း ငါးလုံးပစ်ချတယ်။"* ဟု KHRG ကို ပြောပြခဲ့ပါသည်။ အဆိုပါဘုန်းကြီးမှထပ်မံပြောပြသည်မှာ *"လက်နက်ကြီးပစ်ခတ်လိုက်တဲ့အချိန်အတွင်းမှာ ဘုန်းကြီးကျောင်းကို လာရောက်ခိုလှုံမှုရှာကြတဲ့ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ မသန်စွမ်းသူတွေအပါအဝင် ထွက်ပြေးတိမ်းရှောင်တဲ့သူတွေက ခြေတံရှည်အဆောက်အဦးတွေအောက်ကို ဝင်ရောက်ပုန်းနေလို့ လုံခြုံသွားကြတယ်။ ဒါမှမဟုတ်ဘူးဆိုရင်တော့ အနည်းဆုံး လူခြောက်ယောက်ဒါမှမဟုတ် ခုနစ်ယောက်လောက် သေသွားနိုင်လောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်နက်ကြီးတစ်လုံးက သူတို့တွေအိပ်တဲ့နေတဲ့နေရာမှာကျသွားတယ်။"* ကျရောက်ပေါက်ကွဲသွားသည့် လက်နက်ကြီးအစအနထိမှန်သဖြင့် အသက် (၃၄) နှစ်အရွယ်ရှိ ဘုန်းကြီးဖြစ်သူ ဦးသ--- ၏ ညာဖက်လက်၊ အသက် (၅၃) နှစ်အရွယ်ရှိဘုန်းကြီးကျောင်း ကျောင်းတကာတစ်ဦးဖြစ်သည့် ဦးက--- ၏ဘယ်ဖက်တင်ပါး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြပါသည်။ ထိုနေ့ တစ်ညထဲ၌ ဆ--- ရွာသားတစ်ဦးမှ အဆိုပါဒဏ်ရာရရှိသူနှစ်ဦးအား ကရူတူးမြို့နယ်၊ ဝါ့ခါကျေးရွာအုပ်စုရှိ ဟ--- ဆေးခန်းသို့ ပို့ဆောင်

ပေးခဲ့ပါသည်။ ထိုကဲ့သို့ လက်နက်ကြီးအပိုင်းအစများ ၎င်းတို့၏ခန္ဓာကိုယ်တွင်ကျန်ခဲ့သဖြင့် နောက်နေ့မနက်တွင် ၎င်းတို့အား နောက်ထပ်ဆေးဝါးကုသမှုခံယူရန် ဖားအံဆေးရုံသို့လွှဲပြောင်းပို့ဆောင်ခဲ့ကြပါသည်။ အဆိုပါထိခိုက်ဒဏ်ရာရရှိသူများသည် ဆေးရုံမှဆင်းခဲ့ပြီး ကောင်းမွန်စွာသက်သာလာပြီးဖြစ်ပါသည်။ [၎င်းတို့အနေဖြင့် ဆေးဝါးကုန်မှုစရိတ်အတွက် အထောက်အပံ့အားအဖွဲ့အစည်းတစ်ဖွဲ့ဖွဲ့မှ ထောက်ပံ့မှုပေးခဲ့သည်၊ မပေးခဲ့သည်နှင့် ပတ်သက်၍ မသိရှိရပါ။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ လက်နက်ကြီးပစ်ခတ်ပြီးသည့်နောက်တွင် ဆ--- ကျေးရွာရှိဘုန်းကြီးကျောင်းတွင် သွားရောက်နေထိုင်ကြသော ဘ--- ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ကြသည့် မိသားစုများသည် ကြောက်ရွံ့ကြသဖြင့် အခြားသောနေရာများသို့ ထပ်မံ၍ထွက်ပြေးတိမ်းရှောင်ကြရပါသည်။ အချို့ရွာသားများသည် ၎င်းတို့၏ဆွေမျိုးများရှိရာကျေးရွာများသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး အခြားသူများမှာမူ အနီးအနားရှိအခြားသောနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ထို့အပြင် လက်နက်ကြီးပစ်ခတ်ပြီးသည့်နောက် ဆ--- ဘုန်းကြီးကျောင်းတွင်နေထိုင်သည့် ဘုန်းကြီးအချို့တို့သည်လည်း ဘုန်းကြီးကျောင်းတွင်နေထိုင်ရန် ကြောက်ရွံ့ကြသဖြင့် အခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ဘုန်းကြီးတစ်ပါးဖြစ်သည့် ဦးဇ---မှ *"ရွာတွေနဲ့ ဘာသာရေးအဆောက်အဦးတွေကို လက်နက်ကြီးနဲ့ ပစ်တာဟာ ကောင်းတဲ့အရာမဟုတ်ဘူးလို့ ဦးဇင်းပြောချင်တယ်။ အရပ်သားတွေနဲ့ ဘာသာရေးအဆောက်အဦးတွေကို ပစ်မှတ်ထားတိုက်ခိုက်တာက ကောင်းတဲ့အရာမဟုတ်ဘူး။ ဒါကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းကို ဒါနဲ့ပတ်သက်ပြီး အသိပေးပြောလိုပါတယ်။"* ဟုပြောပြခဲ့ပါသည်။












ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဒူးပလာခရိုင်၊ ကရူတူးမြို့နယ်၊ ရောကဲကျေးရွာအုပ်စု၊ ဆ--- ကျေးရွာတွင်ရိုက်ယူခဲ့ပါသည်။ SAC မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပစ်ခတ်ခဲ့သည်လက်နက်ကြီးကြောင့် ပျက်စီးသွားသည့် ဘုန်းကြီးကျောင်းအဆောက်အဦး၏ပုံများဖြစ်ပါသည်။ အထက်ပါ ဘယ်ဖက်ရှိပုံတွင် ဘုန်းကြီးကျောင်းထဲရှိ အဝတ်ထားသည့်ဘီဒိုပုံဖြစ်ပြီး ညာဖက်ရှိပုံသည် တရားထိုင်သည့် သိမ်ပုံဖြစ်ပါသည်။ အောက်ဖက်တွင်ဖော်ပြထားသည့် ဘယ်ဖက်ပုံသည် စေတီတည်ရှိသည့်နေရာဖြစ်ပြီး ညာဖက်တွင်ဖော်ပြထားသည့်ပုံသည် မယ် သီလရှင်၏ဘောင်ဒါဆောင်ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများ နှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။